တရားမပုံစံအမှတ်၉၄

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၆၆

---

ညောင်ဦးခရိုင် တရားရုံးတော်

၂၀၂၃ ခုနှစ်၊ ဇာရီမှုအမှတ် ၉

| | | |
|---|---|---|
| အာရှစီမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဒေါ်ခင်ခင်ဌေး) | နှင့် | ၁။ ဦးဟန်ဝင်းအောင်<br>၂။ ဒေါ်ခိုင်မိမိအောင်<br>၃။ ဦးပိုင်ဟိန်းခန့် |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

ညောင်ဦးခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၃၀/၂၀၂၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက်အောက်တွင်ဖော်ပြထားသောပစ္စည်းကို**၂၀၂၄ခုနှစ်၊ ဇွန် လ၊ ၁၄ ရက်**၊ နံနက်၁၀၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊လေလံဆွဲဝယ်ယူနိုင် ကြောင်းကြေညာလိုက်သည်။

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက် အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါကတရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည့်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအားလေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီးမရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကိုလေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည်ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်း မှ သာလေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကိုလေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့ သည် ရုံးပိတ်ရက်ဖြစ်လျှင်ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ မေ လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာထုတ်ပေးလိုက်သည်။

တံဆိပ်

3.5.24

(ဌေးဌေး ဆွေ
ဒုတိယခရိုင်တရားသူကြီး
တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့၊ ကျန်စစ်သားရပ်ကွက်၊ အကွက်အမှတ်(၃)၊ အကွက်အမည်-ရွှေလောင်းအရှေ့၊ ဦးပိုင်အမှတ်-၂၅၊ ဧရိယာ-၀.၁၁ ဧကရှိ မြို့မြေအမျိုးအစား၊ (၁)တရားပြိုင်အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

| | | |
|---|---|---|
| ရောင်းချမည့်နေ့ | - | ၁၄.၆.၂၀၂၄ |
| ရောင်းချမိန့်ပြန်သွင်းမည့်နေ့ | - | ၁၇.၆.၂၀၂၄ |
| လေလံကြမ်းခင်းဈေး | - | ကျပ်သိန်း(၅၆၅၀) |